
SHWE MANDALAY NEWS JOURNAL
တနင်္လာနေ့တိုင်းထုတ်ဝေသည်
ရွှေမန္တလေး
သတင်းဂျာနယ်
အတွဲ (၂) အမှတ် (၆၀)၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ (၂၇) ရက်
စိန်စပွယ်ဖူး
စိန်တိုက်
အမှတ် (၁၆၉)၊ ၈၄ လမ်း၊ ၃၁ - ၃၂ ကြား၊ မန္တလေး။
ဖုန်း ၀၂-၆၉၉၈၂၊ ၀၉-၂၀၀၁၁၉၃၊ ၀၉-၂၀၀၂၆၂၁
www.seinsabaiphoo.com Email : office@seinsabaiphoo.com

# အစွလာမ်သုသာန်ဖျက်ဆီးခံရမှုဖြင့် တရားစွဲဆိုခံနေရသူ ၁၅ဦးအား သင်္ချိုင်းအုပ်ချုပ်မှုကော်မတီက ကျေအေးပေး၊ ကျေအေးကြောင်းစာလွှာကို တရားရုံးသို့တင်ပြသွားမည်

ဝါဆိုဆရာတော်ဘုရားကြီး၏ ဩဝါဒ လမ်းညွှန်မှုအောက်တွင် မန္တလေးမြို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးကော်မတီ၏ မေတ္တာရပ်ခံချက်ဖြင့် ၂၀၁၄ ဇူလိုင်လဆန်းပိုင်းက အေးရိပ်ငြိမ်သုသာန်ဝင်းအတွင်းရှိ အစ္စလာမ်ဘာသာဝင်များ၏ သုသာန်ဖျက်ဆီးခံခဲ့ရမှုတွင် တရားစွဲဆိုခံနေရသူ ၁၅ဦးအား သင်္ချိုင်းအုပ်ချုပ်မှုကော်မတီက ကျေအေးပါကြောင်း၊ အောက်တိုဘာ ၂၃ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ ကံတက်ကုန်းမစိုးရိမ်ကျောင်းတိုက်တွင် ပြုလုပ်သော မေတ္တာရှေ့ထား ငြေငြိမ်းခြင်းအခမ်းအနားမှတစ်ဆင့် သိရသည်။

၂၀၁၄ခုနှစ် ဇူလိုင်လဆန်းပိုင်းအတွင်းက မန္တလေးမြို့တွင် ဘာသာရေးအသွင်ဆောင် ပဋိပက္ခဖြစ်ပွားခဲ့ရာ၌ သေဆုံးသူကိုထွန်းထွန်း၏ နာရေးကိုအကြောင်းပြုပြီး ဖျက်ဆီးလိုသူလူတစ်စုက အစ္စလာမ်ဘာသာဝင်များ၏ သုသာန်ကိုဖျက်ဆီးခဲ့ရာ သင်္ချိုင်းဖျက်ဆီးသူဟု စွပ်စွဲခံထားရသူ ၁၅ဦးအား သင်္ချိုင်းအုပ်ချုပ်မှုကော်မတီက ကျေအေးကြောင်း အကြောင်းကြားစာထုတ်ပြန်ပေးသည်။ မေတ္တာရှေ့ထားငြေငြိမ်းခြင်းအခမ်းအနားကို ကံတက်ကုန်းမစိုးရိမ်ကျောင်းတိုက်တွင် ပြုလုပ်ရာ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တဓမ္မနန္ဒအမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူပြီး မန္တလေးမြို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးကော်မတီဝင်များ၊ တရားစွဲဆိုခံနေရသူ ၁၅ဦး၏ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

“ဒါဟာ ကြိုတင်ကြံစည်ပြီးလုပ်တဲ့ အဖွဲ့ရဲ့ လုပ်ဆောင်ချက်လို့မြင်တယ်။ ဒီအတိုင်းပဲ ဝန်ကြီးချုပ်ကို ပြောခဲ့တယ်။ မန္တလေးမြို့ခံတွေလုပ်တာ မဟုတ်ဘူး။ သူတို့အကျိုးအတွက် ဘာသာရေးကို ခုတုံးလုပ်ကြတာ။ ကြိုတင်ကြံစည်ပြီး လုပ်တဲ့သူတွေကလုပ်ပြီးတော့ ထွက်သွားကြ၊ ဒီမှာကျန်တဲ့သူတွေ အမမ်ခံရတယ်။ ကိုထွန်းထွန်းရဲ့ ရှာပနကိုပဲ ကြည့်ပါ။ မန္တလေးမြို့မှာ လူစည်ကားတဲ့ ရွှေမန်းတင်မောင်နာရေးတောင် သွားလမ်းကြောင်းနဲ့သူ ချသွားတယ်။ ကိုထွန်းထွန်းရဲ့ရှာပနကျတော့ မန္တလေးမြို့ရဲ့ အထွတ်အမြတ်ထားတဲ့ ကျုံးကိုပတ်ပြီးမှချတယ်။ ဒါလှည့်ကွက်ထဲရောက်အောင် လုပ်တာ။ ဒါကြောင့် ရှေ့ဆက်ပြီး ရှိုင်းရှိုင်းပင်းပင်း ချစ်ချစ်ခင်ခင်နေဖို့လိုတယ်”ဟု မဟာဝိသုဒ္ဓါရုံတိုက်မှ ဆရာတော်ဘဒ္ဒန္တဓမ္မနန္ဒက ဩဝါဒစကား မိန့်ကြားရာတွင် ထည့်သွင်းမိန့်ကြားခဲ့သည်။



မန္တလေးမြို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေး ကော်မတီဝင် ရွှေနေကွန်ရက်မှ တရားလွှတ်တော် ရှေ့နေဦးသိန်းသန်းထွန်းက ဝါဆိုဆရာတော်ကြီးရဲ့ ဩဝါဒအောက်တွင် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးကော်မတီမှ မေတ္တာရှေ့ထားလုပ်ဆောင်ပေးရတာဖြစ်ကြောင်း၊ သင်္ချိုင်းအုပ်ချုပ်မှုကော်မတီက ကျေအေးပေးသော်လည်း တရားလိုအဖြစ် ရဲက အမှုဖွင့်တိုင်ကြားခြင်းဖြစ်ကြောင်း၊ နစ်နာသူကာယကံရှင် အစ္စလာမ်သင်္ချိုင်းအုပ်ချုပ်မှု ကော်မတီ၏ ကျေအေးလွှာကို တရားရုံးသို့တင်ပေးသွားမှာဖြစ်ကြောင်း ပြောကြားသွားသည်။

မန္တလေးမြို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးကော်မတီ၏ မေတ္တာရပ်ခံချက်အပေါ် မန္တလေးမြို့လုံးဆိုင်ရာ(အေးရိပ်ငြိမ်) မွတ်စလင် ကဘာရ်စတန်ဥပဒေ့ဥ်တော်(သင်္ချိုင်း)ဖျက်ဆီးမှုတွင် ပါဝင်သည်ဟုစွပ်စွဲခံရပြီး တရားရင်ဆိုင်နေရသူ ၁၅ဦးအား မေတ္တာရှေ့ထား၍ ကျေအေးပါကြောင်း စာကို သင်္ချိုင်းအုပ်ချုပ်မှုကော်မတီမှ ဦးဝေလီတင်အောင်ကပေးကြားပြီး မန္တလေးမြို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးကော်မတီထံသို့ ပေးအပ်ခဲ့သည်။

ကျေအေးမှုနှင့်ပတ်သက်၍ တရားရင်ဆိုင်နေရသူတစ်ဦး၏ ဦးလေးဖြစ်သူ ဦးမျိုးမော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဇူလိုင်လဆန်းကပိုင်းက အေးရိပ်ငြိမ်သုသာန်ဝင်းအတွင်းရှိ အစ္စလာမ်ဘာသာဝင်များ၏ သုသာန်ကို ဖျက်ဆီးသည်ဟုဆိုကာ အမျိုးသား ၁၅ဦးအား ပုလိပ်ကြီးရဲစခန်းမှ ဖမ်းဆီးအရေးယူခဲ့ပြီး ပုသိမ်ကြီးမြို့နယ် တရားရုံးတွင် အမှုရင်ဆိုင်နေရဆဲဖြစ်ကြောင်း သိရသည်။ **SM-D**

## HALLOWEEN NIGHT SHOW

### မန္တလေး စွမ်းဟိုတယ် တွင်ဖျော်ဖြေမည်



365 EVENT PLANNING GROUP မှ စီစဉ်ကျင်းပမည်ဖြစ်သော HALLOWEEN NIGHT 2014 Music Show နှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၂၄ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ ၆၄ လမ်းနှင့် ၂၇လမ်းထောင့်ရှိစိုးရီးယမ်းတယ်ဟောက်(စ်) ခန်းမအပေါ်ထပ်တွင် ကျင်းပသည်။

စာနယ်ဇင်းရှင်းလင်းပွဲတွင် ပွဲစီစဉ်သူကိုထက်အောင်က အောက်တိုဘာ ၃၁ရက် (သောကြာနေ့) ညပိုင်းတွင် မန္တလေးမြို့ စွမ်းဟိုတယ်၌ HALLOWEEN NIGHT 2014 Music Show ကို ကျင်းပမှာဖြစ်ကြောင်း၊ အဆိုတော် စိုင်းစိုင်းခမ်းလှိုင်အပါအဝင် ဘန်နီဖြိုး၊ လွှမ်းပိုင်၊ snare၊ မီစန္ဒီ၊ Bobby Soxer နှင့် ယူရေနီယံအကအဖွဲ့တို့ပါဝင်မှာဖြစ်ကြောင်း၊ ဝင်ကြေးကျပ် ၉၀၀၀ နှုန်း သတ်မှတ်ထားပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပွဲဖြစ်မြောက်ရန် ကူညီပံ့ပိုးပေးသူ ကိုတင်မောင်ဦး(ရွှေမြန်မာ)က HALLOWEEN NIGHT Show နှင့်ပတ်သက်၍ အမှတ်တရ စကားပြောကြားပြီး တက်ရောက်လာသော စာနယ်ဇင်းဆရာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

Hip Hop ပွဲများနှင့် အနည်းငယ်အလှမ်းကွာဝေးနေသော မန္တလေးမြို့တွင် HALLOWEEN NIGHT Music Showကို Hip Hop အဆိုရှင် လူငယ်များက ထူးခြားစွာ တင်ဆက်သွားမည်ဟု သိရသည်။ **SM-D**




## ၁၆ မိုင် စစ်ဆေးရေးဂိတ်တွင် အမိုနီယမ် နိုက်ထရိတ်မြေဩဇာအိတ်များ ရှာဖွေဖမ်းဆီးရမိ

အောက်တိုဘာ ၁၉ရက် နံနက် ၅နာရီခွဲက ၁၆ မိုင်စစ်ဆေးရေးဂိတ်တွင် အမိုနီယမ်နိုက်ထရိတ်မြေဩဇာများ ရှာဖွေဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ နမခ(အုန်းချော)မှဒုရဲအုပ်ကျော်လိမ်နှင့်အဖွဲ့၊ အကောက်ခွန်ဦးစီးဌာနမှဦးစီးအရာရှိ ဟိန်းထက်အောင်နှင့်အဖွဲ့သည် မူဆယ်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် ယာဉ်မောင်း (စိစစ်ဆဲ) မောင်းနှင်ပြီး ယာဉ်နောက်လိုက်. . . . ညောင်ပင်သာယား နောင်ချိုမြို့နေ လိုက်ပါလာသည့် 1G/8659 နစ်ဆန်းဒီဇယ် ၂၂ဘီးတွဲယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်မောင်းမှာ ထွက်ပြေးသွားပြီး ယာဉ်ပေါ်တွင် အမိုနီယမ်နိုက်ထရိတ်မြေဩဇာအမျိုးအစား ၇၂၅အိတ်အား တွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား နမခ(အုန်းချော)က (ပ)၂၂၄/၂၀၁၄ မြေဩဇာဥပဒေပုဒ်မ ၃၆အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။



# အချစ်ယဇ်ပလ္လင်ပုံပြင်

- နိုင်ခန့်ဇော် -



တိုး . . ရှေးရှေးတုန်းကပေါ့ -

ရာဇဂြိုဟ်ပြည်ကြီးမှာ အလွန်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦးရှိတယ်။ သူ့မှာ ကုဏ္ဍလာဆိုတဲ့ အလွန်လှပတဲ့သမီးလေးတစ်ယောက်ရှိတယ်။ ကုဏ္ဍလာလေးဟာ လှပသလောက် လိမ္မာရေးခြားလည်းရှိတယ်။ ဒီတော့ သူဌေးကြီးလင်မယားဟာ တစ်ဦးတည်းသောသမီးလေးဖြစ်တဲ့ ကုဏ္ဍလာလေးကို အသက်တမျှချစ်ကြတာပေါ့။ ကုဏ္ဍလာလေးကလည်း သူငါသနားပါတဲ့ အကာအနပညာကလွဲရင် အချစ်ကိစ္စ၊ လင်သားကိစ္စ ဘာမှစိတ်ဝင်စားမှုမရှိရှာဘူး။ ဒီတော့လည်း မိဘနှစ်ပါးက သမီးလေးကို ချစ်မဝတဲ့အတူတူ လင်သားကိစ္စမရှိတဲ့သမီးလေးကိုကျေနပ်ကြပြီး စပ်ဟပ်လည်း မပေးစားကြဘူးပေါ့။ ကုဏ္ဍလာကတော့ သူနှစ်သက်မြတ်နိုးတဲ့ အကပညာကိုပဲ စနစ်တကျကြိုးစားသင်ကြားရင်း အကထဲမှာပဲ သူ့စိတ်ကိုနှစ်ထားရှာတယ်။ ဒီတော့လည်း သူ့ရဲ့ အကပညာဟာ ထင်ရှားလာတယ်။ ကုဏ္ဍလာရဲ့ "လက်ကြောင့် ကကြိုးကကွက်" ဟာ လွန်စွာကျော်ကြားလာတယ်။ နတ်လိုလှတဲ့ ကုဏ္ဍလာဟာ အက ...



# ဆီးချိုသွေးချို အသိုင်းအဝိုင်းထဲက စကားသံများ( ၆ )

ဆီးချိုရောဂါရှိတဲ့သူတွေဟာ သွားနှင့်ခံတွင်း ပုံမှန်စစ်ဆေးဖို့ လိုပါတယ်။ ဘာကြောင့်လဲဆို ...

မင်းထက်ကျော်



# အင်းလေးဒေသစိုက်ပျိုးရေးလုပ်ငန်း၏အဓိကဖြစ်သော ရွှံ့ပက်လုပ်ငန်းလုပ်သူများမှာ ပင်ပန်းသလောက် ဝင်ငွေကောင်းသော လုပ်ငန်းအဖြစ်ရပ်တည်



... ရွှံ့ပက်အလုပ်လုပ်ကြသူများမှာ အလွန်ပင်ပန်းကြသော်လည်း ဝင်ငွေကောင်းကြရာ လေ့အရွယ်အစားအလိုက် လေ ...

မျိုးဝင်းထွန်း(မုံရွာ)

# ၂၀၁၅ရွေးကောက်ပွဲတွင် ရှမ်းနီအမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီက မြို့နယ် ၂၇မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုးပမ်းမည်

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၁၅မြို့နယ်၌ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း၊ ပါတီစည်းရုံးရေးနှင့် ပါတီဝင်အင်အား စုဆောင်းနိုင်ပါက ၂၇မြို့နယ်ထိ ယှဉ်ပြိုင်နိုင်ရန် ကြိုးစားသွားမှာဖြစ်ကြောင်း ပါတီဥက္ကဋ္ဌဦးစိုင်းဌေးအောင်က သတင်းမီဒီယာများနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

"လောလောဆယ်မှာတော့ ၁၅မြို့နယ်မှာ ဝင်ပြိုင်ဖို့ လျာထားတယ်။ ဖဲဒီအတွက်လည်း ပါတီရုံးစိုက်တဲ့ ဒေသတွေမှာ သင်တန်းတွေပေးနေတယ်။ ပါတီဝင်တွေကို အရည်အသွေး ကောင်းစေချင်ပါတယ်၊ အခြေအနေလည်းပေးမယ်၊ စည်းရုံးရေးလည်းကောင်းမယ်ဆိုရင် ၂၇မြို့နယ်ထိ တိုးပြီး ဝင်ပြိုင်သွားဖို့ရှိပါတယ်"ဟု ၎င်းကပြောသည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေထိုင်သော ရှမ်းနီတိုင်းရင်းသားပေါင်း ဦးရေသိန်း ၂၀ ဝန်းကျင်ခန့်ရှိပြီး ယခုအခါ ပါတီဝင်ပေါင်း သုံးသောင်းကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ ၁၅မြို့နယ်၊ ကချင်ပြည်နယ်ထဲမှာ ၁၀မြို့နယ်၊ ရှမ်းပြည်နယ်မှာက နှစ်မြို့နယ်၊ အားလုံးပေါင်း ၂၇ မြို့နယ်ထဲမှာ ရှမ်းနီတိုင်းရင်းသားက ဦးရေသိန်း ၂၀ကျော်ရှိတယ်။ ၁၉၇၂ ခုနှစ်တုန်းက ကောက်ခဲ့တဲ့စာရင်းကိုမှန်းဆပြီး တွက်ချက်ကြည့်တာပါ"ဟု တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုင်းဌေးအောင်က ပြောသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ယနေ့အချိန်ထိ မိမိလူမျိုးအမည်မှန်ဖြင့် မှတ်တမ်းတင်ခြင်းမခံရဘဲ ရှမ်း၊ ရှမ်းဗမာ၊ ဗမာ အဖြစ်သာမှတ်တမ်းတင်နေကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အထက်ပိုင်းကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မိုးမိတ်၊ မဘိမ်းမြို့နယ်များတွင် အခြေစိုက်နေထိုင်ကြသော လူမျိုးများမှာ ရှမ်းနီလူမျိုးများသာဖြစ်သော်လည်းမေးလိုက်လျှင် ဗမာဟုသာဖြေမှာဖြစ်ကြောင်း၊ အကြောင်းမှာ ရှမ်းစကားမတတ်၍သာဖြစ်ကြောင်း၊ မိမိလူမျိုးအမည်ကိုသိရှိပါလျက် အခြားလူမျိုးအမည်ဖြင့် ထည့်သွင်းရေးသားခြင်းသည် တရားမျှတမှုမရှိပါကြောင်း၊ ရှမ်းနီလူမျိုးတိုင်း ရှမ်းနီအမည်ဖြင့်မှတ်ပုံတင်ရန် နိုင်ငံတော်အစိုးရတွင်တာဝန်ရှိပါကြောင်း၊ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တစ်နှစ်ပြည့်အခမ်းအနားသို့ တင်သွင်းသည့်စာတမ်းတွင် ရေးသားထားကြောင်း တွေ့ရသည်။

SM-D

# Aesthetic Journey 2

## Studying Figurative Expression

## Art Exhibition



ပန်းချီဆရာ တင်ဌေးအောင်၏ ဒုတိယအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲကို အောက်တိုဘာ ၂၅ရက်မှ ၂၉ရက်အထိ ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေး အနုပညာလမ်း အခန်းနံပါတ်(၁၇) ရှိ သီရိပန်းချီပြခန်းတွင် နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသထားကြောင်းသိရသည်။ အဆိုပါပြပွဲကို Aesthetic Journey 2 Studying Figurative Expression Art Exhibition ဟု အမည်ပေးထားသည်။ ဆီဆေး၊ ရေဆေး Nude Study လက်ရာများလည်း ပါဝင်ကြောင်း သိရသည်။

SM-A

# ရဲအရာရှိများ လုံခြုံရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဆင်း



မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲအရာရှိများ လုံခြုံရေးဆိုင်ရာစွမ်းရည်မြှင့်တင်ရေး မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၄)သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၂ရက် နံနက် ၁၀နာရီက တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးရှိ ရဲသူမိုန်ခန်းမတွင် ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီးရဲ တပ်ဖွဲ့မှူး ရဲမှူးကြီး ဟန်ထွန်းကသင်တန်းဆင်း အဖွင့်အမှာစကားပြောကြားပြီးနောက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ဒုတိုင်းရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ခန်းမှူးများ၊သင်တန်းရဲတပ်ဖွဲ့မှူးမင်းရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့အသီးသီးမှ ဖိတ်ကြားထားသောရဲအရာရှိများ၊ သင်တန်းသားရဲအရာရှိများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းမှာ အောက်တိုဘာ ၉ရက်မှ ၂၂ရက်အထိဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိ ၄၀ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိ ၃၀ဦး၊ အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှရဲအရာရှိ ၃၀ဦး စုစုပေါင်း ရဲအရာရှိ သင်တန်းသား ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မျိုးကျော်ကျော်



Tea Master by PREMIER COFFEE
TEA MASTER
TEA MASTER®
လက်ဖက်ရည်တို့ရဲ့ဆရာ...
တီးမာစတာ
TEA MASTER
Sweetened Condensed Milk Tea




ဟေး
တစ်နေ့လုံး လန်းဆန်းပျော်ရွှင်စေတာ . . .
HAPPY
HAPPY
HAPPY
ကော်ဖီ၊ လက်ဖက်ရည်၊ ခရင်(မ်)မီကော်ဖီ၊ ကွေကာ
30g